# အင်းယက်ကြီးကျေးရွာ

# တိုက်ကြီးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းယက်ကြီးကျေးရွာ၊ တိုက်ကြီးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


မာတိကာ ၁

စကားချီး ၄

အင်းယက်ကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ တိုက်ကြီးမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

( ခ ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ ) အခြေခံအဆောက်အဦများအား လက်လှမ်းမီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

( ခ ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၅

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၇

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၄
**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ** ၃၀
**(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ**
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
**(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၅၉
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၂
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၆၈

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၆၉
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အင်းယက်ကြီးကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ

၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အင်းယက်ကြီးကျေးရွာ
တိုက်ကြီးမြို့နယ်

## အင်းယက်ကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ တိုက်ကြီးမြို့နယ်



**ရည်ညွှန်း** - အင်းယက်ကြီးကျေးရွာ၊ သဲဖြူကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြ ပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

အင်းယက်ကြီးကျေးရွာသည် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ တာခွ ကျေးရွာအုပ်စုတွင်ပါဝင်ပြီး တိုက်ကြီးမြို့၏ အရှေ့ဘက် (၆) မိုင်အကွာ၊ ရန်ကုန်ပြည်လမ်းမ၏ အရှေ့ဘက်တွင် ကပ်လျက်တည်ရှိသည်။ ကျေးရွာသည် မြေပြန့်၊ မြေနိမ့်ဒေသပိုင်းဖြစ်၍ ကျေးရွာ ပတ်ဝန်းကျင်တွင် မိုးစပါးစိုက်ပျိုးသော လယ်ယာမြေ (၂၃၂) ဧကရှိသည်။ သဲနုန်းမြေရပ်ဝန်းဒေသ ဖြစ်၍ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သော မြေအမျိုးအစားဖြစ်သည်။ နှစ်စဉ်မိုးရေချိန် (၇၀) မှ (၈၀) လက်မကြားရရှိသော ဒေသဖြစ်၍ မြန်မာနိုင်ငံအောက်ပိုင်း ပူအိုက်စွတ်စို သောရပ်ဝန်းဒေသ ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ ကိုင်းမြက်ရှည်၊ ညောင်ပင်၊ အုန်း၊ ကွမ်းသီးပင်၊ ကုက္ကို၊ ညောင်နှင့် ဝါးပင်စသော အမြဲစိမ်းပင်များ ပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ် (၆၄၇) ဧက၊ ဥယျာဉ်ခြံ နှင်းဆီ၊ ဂန္ဓမာပန်း၊ ကီလိုမာလကာ (၂၃) ဧက၊ ဆောင်းသီးနှံနှင့် မိုးသီးနှံဂေါ်ဖီ၊ ကြက်ဟင်းခါး၊ ခဝဲ စသည်တို့ကို စိုက်ပျိုးနိုင်ကြသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်လက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၃၆)စုရှိပြီး၊ စုစုပေါင်းလူဦးရေ (၅၁၇) ဦး ကျား(၂၄၄) မ (၂၇၃) မိုတင်းနေထိုင်ကြသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၂၉)ဦး ပိုများနေပြီး အဆိုပါလူဦးရေတွင် အလုပ်လုပ်နိုင်သူ အသက်(၁၅) နှစ်မှ (၆၀) နှစ်အတွင်း လူဦးရေ (၃၇၃) ဦး ရှိသည်။ ကျေးရွာ၏ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေမှာ(၄) ဦးခန့် ဖြစ်သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့်ငုံးမွေးမြူရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၁%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များဖြစ် ကြပြီး (၁၆%) သည်ချမ်းသာသည့်အဆင့်၊ (၂၅%) သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လျှပ်စစ်မီးလက်လှမ်းမီမှု၊ လယ်ယာ သုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် မြေအောက်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏စီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ် ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ အထည်ချုပ် စက် စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးပေး နိုင်သော အိမ်ထောင်စုအချို့မှ ငုံးမွေးမြူရေးခြံပိုင်ရှင်နှင့် အစိုးရဝန်ထမ်းအိမ်ထောင်စုအချို့သည်

ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။ ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံး ဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၈၃%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁) စုရှိပြီး အဓိကဝင်ငွေရလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်းနှင့် ဝက်မွေးမြူရေး တွဲဖက်လုပ်ကိုင်ခြင်း ဖြစ်သည်။ ကျေးရွာတွင် လယ်ယာမဲ့ ဆင်းရဲသား အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်ငန်းကိုသာ အများစု လုပ်ကိုင်ကြပြီး မိုးဆက်တိုက်ရွာသောနေ့များတွင် အလုပ်အကိုင်မရှိသောကြောင့် ဝမ်းစာဝယ်စားရန် အခက်အခဲနှင့် ကြုံတွေ့ရသည်။ ကျေးရွာလူငယ်များသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် သွားရောက် လုပ်ကိုင်ကြပြီး အလုပ်အကိုင် ပင်ပန်းဆင်းရဲမှုကြောင့် စိတ်အပန်းဖြေမှုအဖြစ် အရက်သောက်သုံးမှုရှိကြသည်။ ကျေးရွာတွင်မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးတစ်ဦးရှိပြီး ကျေးရွာမှ စောင့်ရှောက်ထား ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက် နည်းပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ ဆန်စပါး စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများနေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရချို့တဲ့မှုမရှိကြပါ။ ကျေးရွာမူလတန်းကျောင်းတွင်လည်း ကလေးသူငယ်များ အာဟာရကျွေးမွေးရေး အစီအစဉ်များ ဆောင်ရွက်လေ့ရှိသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေ (၄၀) ဦး ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်၊၊ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့် အလမ်းများ နည်းပါးဆဲ ဖြစ်သည်။ ကျေးရွာသားအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင် နေ့စားလုပ်သားများဖြစ်ကြပြီး အချို့မှာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မော်ဘီသံမဏိစက်ရုံများတွင် အလုပ်လုပ်ကိုင် ကြသည်။

## (စ) ကျား-မ ဆိုင်ရာ ဆက်နွှယ်မှု

ကျေးရွာတွင် ကျားမတန်းတူ အခွင့်အရေးရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊ အမျိုးသားများသည် ပျိုးနှုတ်ခြင်း၊ လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ယဉ်ကျေးမှု ပွဲတော်များတွင် အမျိုးသားနှင့် အမျိုးသမီးများသည် ပူးပေါင်း ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူ အခွင့်အရေး ရှိပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေသောအဖွဲ့(၅)ဖွဲ့ရှိသည်။ သာရေးနာရေးအဖွဲ့၊ မီးလင်းရေးကော်မတီ၊ အမျိုးသမီးဝတ်အသင်း၊ ဂေါပကအဖွဲ့၊ ကြက်ခြေနီ၊ နာရေးကူညီမှုအသင်းတို့ဖြစ်သည်။ ပြင်ပမှလာရောက်ဖွဲ့စည်း ပေးထားသော ကြက်ခြေနီအဖွဲ့သည် ဆောင်ရွက်မှု အားနည်းကြောင်း တွေ့ရပါသည်။ ကျေးရွာနာရေးကူညီမှုအဖွဲ့ကို (၂၀၁၂) တွင်စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်ကြေး (၅,၀၀၀) သတ်မှတ်ထားပြီး လစဉ်ကြေးကို တစ်ဦး (၁,၀၀၀) ကျပ်ကောက်ခံခဲ့သည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသည် မြို့နယ်လျှပ်စစ်ဌာနနှင့်ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခဲ့ခြင်း၊ မိုးရာသီကုန်ဆုံးပါက လမ်းမီးတိုင်များပြုပြင်ခြင်းတို့ကို ဆောင်ရွက်သည်။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်သည် ကောင်းမွန်သည့်အနေအထားတွင် ရှိပါသည်။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏အဓိကသီးနှံသည် မိုးစပါးနှင့် ဆောင်သီးနှံ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း ဖြစ်သည်။ မိုးစပါးစိုက်ပျိုးမြေ (၂၃၂) ဧကဖြစ်၍ နှစ်စဉ် စပါးတင်းရေ (၁၀,၀၀၀) ခန့် ထွက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးလေ့ရှိပြီး ရေကျနောက်စိုက်လယ်ဧက အနည်းငယ်ကိုသာ ကောက်စိုက်စနစ်ဖြင့်စိုက်ပျိုးကြသည်။ စပါးအထွက်နှုန်းမှာ ပျမ်းမျှ တစ်ဧက (၅၀) တင်းဖြစ်သည်။ သဲဆန်သောမြေများဖြစ်သောကြောင့် စပါးအထွက်နှုန်း နိမ့်ကျသည်။ မိုးစပါးရိတ်သိမ်းပြီးနောက် အချို့မြေပေါ်တွင် ပဲသီးတောင့်ရှည်၊ ဂေါ်ဖီ၊ ခဝဲ စသည်တို့ကို စိုက်ပျိုးကြသည်။ ကျေးရွာမှ အိမ်ထောင်စု (၁၃) စုသည် ငုံးမွေးမြူရေး လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စုစုပေါင်းငုံးအကောင်ရေ

(၃၀၀,၀၀၀) ခန့် မွေးမြူထားသည်။ နေ့စဉ်ငုံးဥပေါင်း (၂၀၀,၀၀၀) ခန့် ထုတ်လုပ်ပြီး ရန်ကုန်၊ မော်ဘီနှင့် အခြားမြို့များသို့ တင်ပို့ရောင်းချသည်။ အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုအချို့သည် တစ်နိုင်တစ်ပိုင် ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ မွေးမြူကြသည်။ ကျေးရွာမှ အိမ်ထောင်စုတစ်စုသည် စီပီဝက် ကောင်ရေ (၅၀) ခန့် မွေးမြူထားပြီး အသားတိုးနှင့် သားဖောက်မွေးမြူ၍ ရောင်းချသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာမှလယ်ယာမဲ့ အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက် စက်ချုပ်ခြင်း၊ မော်တော် ယာဉ်ဖြင့်ကုန်စည်ပို့ဆောင်ခြင်း၊ နေ့စားကျပန်းလုပ်ငန်း၊ ကလေးငယ်များအတွက် မူကြို ကျောင်းဖွင့်လှစ်ဝန်ဆောင်မှုပေးခြင်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာတွင်းမှ ငုံးခြံ များတွင် ငုံးသားပေါက် မီးကိုင်သော အငှားဝန်ဆောင်မှုပေးခြင်း စသောလုပ်ငန်းကိုလည်း လုပ်ကိုင် ကြသည်။ လူငယ်အများစုသည် ရန်ကုန်မြို့၊ မော်ဘီမြို့စသော မြို့ကြီးများတွင် ဆောက်လုပ်ရေး လုပ်ငန်းခွင်၌ နေ့သားလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပြီး၊ အမျိုးသမီးငယ်များသည် ရန်ကုန်အထည်ချုပ် လုပ်ငန်းစက်ရုံများတွင် အလုပ်လုပ်ကိုင်ကြသည်။ ကျေးရွာသည် မြောင်းတကာ လူသန့်အင်း သံမဏိစက်ရုံနှင့်နီးသောကြောင့် ၎င်းစက်ရုံတွင်လည်း ဝင်ရောက် အလုပ်လုပ်ကိုင် ကြသည်။ ကျေးရွာအနီးတွင် စက်သုံးဆီပန့်များ ဖွင့်လှစ်ရောင်းချလာခြင်းကြောင့် ကျေးရွာမှ လူငယ်များသည် ၎င်းစက်သုံးဆီဆိုင်များတွင်ဝင် ရောက်အလုပ်လုပ်ကိုင်နေကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာမှ သဘာဝအလျောက် ပေါက်ရောက်သော သစ်ပင်များသည် ထင်းလောင်စာ ထုတ် ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုနှင့် ရင်ဆိုင်နေရသည်။ သစ်တောဌာနမှ မိုးရာသီ လမ်းဘေး သစ်ပင်စိုက်ပျိုးရေး ဆောင်ရွက်လေ့ ရှိသော်လည်း နွားများလွတ်ကျောင်းမှုကြောင့် စိုက်ပျိုးပင်များ ပျက်စီးခြင်း ကြုံတွေ့ရသည်။ စပါးစိုက်ပျိုးလယ်မြေများတွင်လည်း နှစ်စဉ်ဆက်တိုက် ဓာတ်မြေ သြဇာများ အသုံးပြုခြင်း ကောက်ရိုးဖုတ်၊ နွားချေးနှင့်သစ်ရွက်ဆွေးစသော သဘာဝမြေသြဇာများ အနည်းငယ်သာ ထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုးရေးအတွက် မြေဆီလွှာများ အဆင့်အတန်း ကျဆင်းလာကြောင်း တွေ့ရသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တိုက်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူ လယ်သမားများအား စပါးသီးနှံတစ်ဧကလျှင် ချေးငွေ (၁၀၀,၀၀၀) ကျပ်နှုန်း၊ တောင်သူတစ်ဦးကို အများဆုံး (၁၀) ဧကအထိ ထုတ်ချေးပေးပါသည်။ ချေးငွေကာလမှာ (၆) လခန့်ဖြစ်၍ အတိုးနှုန်းမှာ တနှစ်လျှင် (၄.၂%) ဖြစ်သည်။ မိုးစပါးနှင့် မတ်ပဲနှစ်သီးစလုံး ချေးငွေရရှိကြသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းသီးနှံ မတ်ပဲအတွက် ချေးငွေမှာ တစ်ဧက (၂၀,၀၀၀) ကျပ်နှုန်း ဖြစ်သည်။ ကျေးရွာသမဝါယမအသင်း ဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမဌာနသည် အဖွဲ့ဝင်များကို ချေးငွေ ထုတ်ပေးပြီးအတိုး နှုန်းမှာ (၁.၁၅%) ဖြစ်သည်။ ထို့ပြင် တိုက်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်နှင့်

ပုဂ္ဂလိကဘဏ်များတွင် ငွေစုဆောင်းခြင်း၊ ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်ကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများအတွက် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေဝန်ဆောင်မှုများ လုံးဝ မရရှိဘဲ ကျေးရွာမှ အသင့်အတင့် ချမ်းသာသော အိမ်ထောင်စုများထံမှ လိုအပ်သောအခါ မြင့်မားသော အတိုးနှုန်းဖြင့် ချေးယူရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်း ပညာသင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေ (၄၇)ဦး ရှိပါသည်။ အလယ်တန်းကျောင်းသားဦးရေ (၃၀) ဦး၊ အထက်တန်း ကျောင်းသားဦးရေ (၁၀) ဦးရှိပြီး တိုက်ကြီးမြို့ အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသည်။ တက္ကသိုလ်ဘွဲ့ရသူ ဦးရေ စုစုပေါင်း (၄၀) ဦး ရှိပါသည်။ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ကျေးရွာမိဘဆရာအသင်းရှိပြီး ကျောင်းအသုံးအဆောင် ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ ကျောင်းဆရာများ နေထိုင်ရန် စီစဉ်ပေးခြင်းစသော ကိစ္စများကို ကျေးရွာမိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ ကျောင်းစာသင်ဆောင်အနေအထားမှာ ပြတင်းပေါက်များ ပျက်စီးနေခြင်း၊ ကွန်ကရစ်ကြမ်းခင်း ပျက်စီးနေခြင်း၊ ရေတုံကင်ပျက်စီးနေခြင်းတို့ကြောင့် ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းသားများအတွက် သောက်သုံးရေ လုံလောက်စွာ ရမရရှိပါ။ ကျေးရွာတွင် မူလတန်းကျောင်းတွင် ဆရာ၊ ဆရာမဦးရေမှာ (၆) ဦး ရှိသောကြောင့် လုံလောက်မှု ရှိပါသည်။

ဆေးရုံဆေးပေးခန်းများနှင့်လက်လှမ်းမီခြင်း ရှိကြပါသည်။ ရွာနီးတာခွကျေးရွာအုပ်စုဆေးပေးခန်းမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောက်ရှောက်မှုခံယူနိုင်သကဲ့သို့ကလေးငယ်များ အတွက်လဲ ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များလည်း လက်လှမ်းမီခြင်း ရှိပါသည်။ ကျေးရွာနှင့် (၆) မိုင် သာကွာဝေးသော တိုက်ကြီးမြို့နယ်ဆေးရုံတွင်လည်း ဆေးကုသမှုခံယူနိုင်ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါ။ တိုက်ကြီးမြို့သည် လျှပ်စစ်မီးရရှိသော မြို့ဖြစ်သည့်အလျောက် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာများဖြင့် သိုလှောင်ထားနိုင်ပါသည်။ သောက်ရေအတွက် အချို့အိမ်ထောင်စုများသည် ခြေနင်းရေတုံကင်များ တပ်ဆင်၍ ရေကန်မှ ရေသွယ်ယူ သုံးစွဲကြပြီး သောက်သုံးရေ လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ် ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှု နည်းပါးသည်။ ကျေးရွာသည် ငုံးမွေးမြူရေးကိုလုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် အနံ့အသက် ဆိုးရွားပြီး ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ ကျေးရွာမှအချို့ အိမ်ထောင်စုများသည် ပလပ်စတစ်အမှိုက်များ စနစ်တကျ အညစ်အကြေး စွန့်ပစ်မှု မရှိသေးပါ။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာသီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်နှင့် နာရေးကူညီမှုအသင်းများတွင်လည်း စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကြသည်။ နှစ်စဉ် နွေရာသီ မှော်ဘီမြို့ ဘုန်းတော်ကြီးကျောင်းတွင် ယဉ်ကျေးမှုသင်တန်းများ တစ်လကြာ ကျင်းပလေ့ရှိပြီး လူငယ်များကို ယဉ်ကျေးမှုစာပေများ သင်ကြားပေးပါသည်။ မိုးရာသီကုန်ဆုံးစ ဝါကျွတ်လတွင် ဆီမီးထွန်းပွဲများကို ကျေးရွာရပ်မိရပ်ဖများမှဦးဆောင် ကျင်းပပေးလေ့ရှိပါသည်။ လူငယ်များ အတွက် ကျေးရွာပိုင်ဘောလုံးကွင်းရှိပြီး လူငယ်များ ကောင်းစွာကစားနိုင်ပါသည်။ ရွာအချင်းချင်း ဒေသတွင်း ဘောလုံးပြိုင်ပွဲများကိုလည်း ကျင်းပပေးပါသည်။ နှစ်စဉ်လွတ်လပ်ရေးနေ့ အထိမ်း အမှတ်အဖြစ် မူလတန်း ကျောင်းသားများကို အားကစားပြိုင်ပွဲများ ကျင်းပပေးပါသည်။

### (ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)

ယခုအချိန်တွင် ကျေးရွာထည့်ဝင်ငွေနှင့် အစိုးရထောက်ပံ့ငွေ နှစ်ရပ်ပေါင်းဖြင့် ကျေးရွာတွင်း လမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေပြီဖြစ်ပါသည်။ ရန်ကုန်၊ တိုက်ကြီး၊ မှော်ဘီကားလမ်းမ သည် ကတ္တရာလမ်းဖြစ်သောကြောင့် ကောင်းမွန်သည်။

ကျေးရွာသည်မဟာဓာတ်အားလိုင်းနှင့် နီးကပ်စွာရှိပြီး (၂၀၁၁) ခုနှစ်တွင် ကိုယ်အားကိုယ် ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့သောကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းရှိပါသည်။ ကျေးရွာ အိမ်ထောင်စု (၁၃၆) စုအနက် (၈၃) အိမ်ထောင်စုသည်သာ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်း ရှိပါသည်။ ကျန် (၅၆) အိမ်ထောင်စုသည် လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပါ။ ဆက်သွယ်ရေးကွန်ယက်များအားလက် လှမ်းမီခြင်းရှိပြီး ကျေးရွာသားအများစုသည် လက်ကိုင်ဖုန်းများသုံးစွဲနိုင်ကြပြီး သတင်း အချက်အ လက်များရရှိကြပါသည်။ ရုပ်မြင်သံကြားရေဒီယိုသတင်းများကို လက်လှမ်းမီခြင်းရှိပြီးသတင်းအ ချက်အလက်များ ရရှိကြပါသည်။

### (ဈ) ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

အင်းယက်ကြီးကျေးရွာသည် တာခွကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျေးရွာမှရာအိမ်မှူးတစ်ဦး သည်ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးအတွက် ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ စီမံအုပ်ချုပ် ရေးလုပ်ငန်းများဆောင်ရွက်သည်။ တိုက်ကြီးမြို့မရဲစခန်းမှ လုံခြုံရေးဝန်ဆောင်မှုများရရှိပြီးကျေး ရွာတွင်ကြီးမားသော ရာဇဝတ်မှုများမရှိပါ။ တိုက်ကြီးမြို့မရဲစခန်းမှ နယ်ထိန်းရဲများ လုံခြုံရေးကင်း လှည့်ဆောင်ရွက်သော ဝန်ဆောင်မှုရရှိပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိုးစပါးစိုက်ပျိုးနိုင်သည့်အပြင် မြေအောက်ရေတွင်းများရှိသောကြောင့် ဆောင်းသီးနှံ ခဝဲ၊ ဘရိုကိုလီနှင့် နှစ်ရှည်ပင် ကီလိုမာလကာ၊ နှင်းဆီပန်းပင်များ စိုက်ပျိုးနိုင်သောကြောင့် မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်သေချာမှုများရှိလာပါက ယခုထက်ပိုမို၍ အထွက်တိုးနိုင်ရန် အလားအလာကောင်းများရှိပါသည်။ ရန်ကုန်မှတိုက်ကြီးဆက်သွယ်သော လမ်းမဘေးတွင်တည်ရှိပြီး ရန်ကုန်၊ တိုက်ကြီး၊ မှော်ဘီ၊ ထောက်ကြံ့မြို့များသို့ လက်လှမ်းမီသောကြောင့် လုပ်သားဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းခြင်း၊ မှော်ဘီမြို့၊ ရန်ကုန်မြို့သို့ သွားရောက်၍ အထည်ချုပ်လုပ်ငန်း၊ ဒေသတွင်း ဆန်စက်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ စသည်တို့တွင် သွားရောက်လုပ်ကိုင်နိုင်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးသွင်းအားစုများ၊ ထုတ်ကုန်များအတွက် ကုမ္ပဏီများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေလွယ်ကူခြင်း မွေးမြူရေး၊ စိုက်ပျိုးရေး ထွက်ကုန်များအား ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက် ရောင်းဝယ်မှုများ ပြုလုပ်နိုင်ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် သင့်တင့်သော အတိုးနှုန်းဖြင့် ချေးငွေလက်လှမ်းမီရန် လိုအပ်ပါသည်။ မြို့ပြနှင့်နီးသောကျေးရွာဖြစ်၍ လက်ရှိစိုက်ပျိုးမြေဧရိယာအပြင် တိုးချဲ့ရန် မြေနေရာ မရှိတော့ပါ။ စပါး၊ ဆောင်းသီးနှံ၊ မိုးသီးနှံ၊ ဟင်းသီးဟင်းရွက်စသည်တို့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ ဖျက်ပိုးရောဂါ ကာကွယ်နှိမ်နင်းနည်းများ (ဥပမာ – ကျေးရွာတွင် စပါးပင်စည်ပုတ်ရောဂါ၊ မတ်ပဲရွက်ဝါရောဂါကြောင့် ဆိုးရွားစွာအထွက်နှုန်းထိခိုက်ခြင်း)၊ စပါး၊ ဆောင်းသီးနှံတို့အပြင် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာနှင့်ဝန်ဆောင်မှုများ လိုအပ်လျှက် ရှိပါသည်။ ငုံးမွေးမြူရေးလုပ်ငန်း၊ တိုးချဲ့ဆောင်ရွက်ရန် ကျေးရွာတွင်မြေနေရာ လွတ်များမရှိသောကြောင့် ငုံးမွေးမြူရေးခုံနေရာတစ်ခု လိုအပ်နေခြင်းသည် ကျေးရွာ၏ အဓိက ကျော်လွှားရမည့် အဟန့်အတားများနှင့် စိန်ခေါ်မှုများ ဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ အင်းယက်ကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

## (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ငုံးမွေးမြူရေးခုံတည်ထောင်ခြင်း၊ ငုံးဥတိုးမြှင့်ထုတ်လုပ်ခြင်း၊ အသားစားကြက်၊ ဆိတ်၊ ဝက်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားတို့၏ ဝင်ငွေတိုးတက်မြင့်မားလာ စေမည်။

(၂) စပါး၊ဆောင်းသီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ပိုးမွှားနှင့် သီးနှံရောဂါကာကွယ်ရေးအသိပညာရရှိစေခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာစေရမည်။

(၃) ကျန်းမာရေးပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားများ ကျန်းမာရေးဗဟုသုတပြည့်ဝလာ၍ ကျန်းမာရေးအဆင့်အတန်းမြင့်တက်လာစေရမည်။

## (ခ) နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကိုရယူပြီးလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနသို့တင်ပြ၍ ငုံးမွေးမြူရေးခုံ တစ်ခုရရှိအောင်ဆောင်ရွက်မည်။ ငွေကြေး၊နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေးငွေရရှိ အောင်ဆောင်ရွက်ပြီး ဝက်၊ အသားစားကြက်၊ ငုံး စသောမွေးမြူရေးတိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာ ကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့ ဆက်သွယ်တင်ပြ၍ ကျန်းမာရေး ပညာပေးအစီအစဉ်များရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးအဆင့်အတန်း မြင့်တက်အောင် ဆောင်ရွက်မည်။ ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်း၊ မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများမှ ရရှိထားသော နည်းပညာများကို ကျေးရွာတွင် ကျေးရွာသူ/သားများအား ပြန်လည်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန်အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အင်းယက်ကြီးကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံအတွက် (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/ သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

အင်းယက်ကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ တိုက်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မကွာဝေးသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်

အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

## (ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင်အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (ဉ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

### (၂) ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု** | ၁။ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ် | ၄၀ | ၁၃ | လက်ရှိအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းဆောင်ရည်များကိုတည်ဆောက်မည်၊အသက်မွေးဝမ်းကျောင်းအဖွဲ့၊ စီးပွားရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေးကူညီဆောင်ရွက်မည်။အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်မြို့နယ်နှင့်ပြင်ပအထောက်အပံ့များရရှိအောင်ဆောင်ရွက်မည်။ | **ကျေးလက်ဦးစီး** |
| **စိုက်ပျိုးရေး** | ၂။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင် ဆောင်ရွက်ခြင်း | ၆၂ | ၅ | စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍သီးနှံရောဂါကာကွယ်နှိမ်နင်းနည်း၊မျိုးကောင်းမျိုးသန့်များရရှိရေးစသည့်နည်းပညာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။တောင်သူလယ်သမားအဖွဲ့ဖွဲ့စည်းပြီးနွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်ဆည်မြောင်းဦးစီးဌာနသို့တင်ပြ၍တဘူးလှဆည်ရေရရှိရေးနှင့် ရေပေးမြောင်းဖောက်လုပ်ဆောင်ရွက်မည်။ | |
| **မွေးမြူရေး** | ၃။တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ် | ၇၄ | ၄ | ငုံးမွေးမြူရေးနှင့်စီပီဝက်မျိုးကောင်းများ မွေးမြူနိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများ လက်လှမ်းမီရေးဆောင်ရွက်မည့် အစီအစဉ်ဖြစ်သည်။ | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | ၄။ဝင်ငွေရလုပ်ငန်းအခွင့်အလမ်းများအားလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၅၁ | ၇ | ကျွမ်းကျင်မှုနှင့် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ ဖန်တီးပေးခြင်း<br>• ဝန်ဆောင်မှုလုပ်ငန်းများ (အလှပြင်၊ ပို့ဆောင်ရေး၊ စက်ပြင် စသည်)<br>• ကုန်ချောထုတ်လုပ်မှုအတတ်ပညာများ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ဘဏ်စနစ်နှင့် ငွေရေးကြေးရေး လုပ်ငန်းများ** | ၅။ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီမှု တိုးတက်အောင် ဆောင်ရွက်ခြင်း | ၈၅ | ၂ | စိုက်ပျိုးစရိတ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် အခြားဝင်ငွေရ လုပ်ငန်းများတိုးတက်ရေးအတွက် ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာစွမ်းရည်များမြှင့်တင်ခြင်း၊ကျေး ရွာအဖွဲ့အစည်းများကိုယ်တိုင်စီမံခန့်ခွဲသောငွေစုငွေချေး စနစ်တည်ထောင်ခြင်း၊ ငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းတို့ပါဝင်ပါ မည်။ | |
| **ကျန်းမာရေး** | ၆။ကျန်းမာရေးဝန်ဆောင်မှုများလက် လှမ်းမီမှုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၄၂ | ၈ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးလက်ကျန်းမာ ရေးဌာနခွဲ ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး၊ ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ရရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်မည်။<br>၁။ ကျေးလက်ကျန်းမာရေး ပညာပေးအစီအစဉ်<br>၂။ ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း | |
| **ပညာရေး** | ၇။ ကျေးရွာပညာရေးကဏ္ဍတိုးတက် အောင်ဆောင်ရွက်ခြင်း | ၈၃ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာတွင်မူလတန်း ကျောင်းပြုပြင်ရေး၊ ပရိဘောဂလုံလောက်ရေးအတွက် ရန်ပုံငွေနှင့် နည်းပညာအထောက်အပံ့ရရှိနိုင်ရန် မြို့နယ် ပညာရေးဌာနနှင့်အခြားဖွံ့ဖြိုးရေးအေဂျင်စီများနှင့်ပူး ပေါင်း ဆောင်ရွက်မည်။<br>၁။ မူလတန်းကျောင်း ပြုပြင်မွမ်းမံခြင်း<br>၂။ ကျောင်းအိမ်သာ ဆောက်လုပ်ခြင်း<br>၃။ ကျောင်းပရိဘောဂ ရရှိရေး | |
| **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား** | ၈။လူငယ်ဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ်များ | ၃၃ | ၁၀ | ကျေးရွာမှစိတ်ဝင်စားသောလူငယ်များနှင့်ရပ်မိရပ်ဖ များပူးပေါင်းပြီးနွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်လှစ် ရန်ဆောင်ရွက်မည်။စာကြည့်တိုက်ထိန်းသိမ်းရေးကော် | **ကျေးလက် ဦးစီး** |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံကိန်းအကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | မတီဖွဲ့စည်းပြီးမြို့နယ်ပြန်ဆက်ဌာနနှင့်ဆက်သွယ်ပြီး စာအုပ်များစုဆောင်းပြီးစာကြည့်တိုက်ဖွင့်လှစ်ရေး ဆောင်ရွက်မည်။ | |
| **ကျေးရွာအဆောက် အဦ** | ၉။ကျေးရွာတွင်းလမ်းများပြုပြင် ကျောက်စရစ် ခင်းခြင်း | ၉၃ | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ဆောက်လုပ်ရေးဆပ် ကော်မတီသည် ရန်ပုံငွေနှင့် ဆောက်လုပ်ရေးလုပ်ငန်း အထောက်အပံ့ရရှိနိုင်ရန်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်။ | **ကျေးလက် ဦးစီး** |
| | ၁၀။ကျေးရွာတွင်းလျှပ်စစ်မီးလိုင်းများ တိုးချဲ့ခြင်း | ၅၃ | ၆ | ကျေးရွာလျှပ်စစ်မီးကော်မတီမှမြို့နယ်လျှပ်စစ်ဌာနနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်မည်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ ပြုပြင်ကျောက်စရစ်ခင်းခြင်း | ၁ | —— | | | | |
| ၂ | ကျေးရွာပညာရေးကဏ္ဍတိုးတက်အောင်ဆောင်ရွက်ခြင်း | ၂ | —— | —— | | | |
| ၃ | ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၃ | —— | —— | | | |
| ၄ | တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ဆောင်ခြင်း | ၄ | —— | —— | | | |
| ၅ | သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၅ | —— | | | | |
| ၆ | ကျေးရွာတွင်းလျှပ်စစ်မီးလိုင်းများတိုးချဲ့ခြင်း | ၆ | —— | —— | | | |
| ၇ | ဝင်ငွေရလုပ်ငန်း အခွင့်အလမ်းများအားလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၇ | —— | —— | —— | —— | |
| ၈ | ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီမှုတိုးတက် ကောင်းမွန်ရေးဆောင်ရွက်ခြင်း | ၈ | —— | | | | |
| ၉ | ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် | ၉ | —— | —— | —— | —— | |
| ၁၀ | လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ | ၁၀ | —— | —— | —— | —— | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းများ ပြုပြင်ကျောက်စရစ်ခင်းခြင်း | | | | | |
| ၂ | ကျေးရွာပညာရေးကဏ္ဍတိုးတက်အောင်ဆောင်ရွက်ခြင်း | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၃ | ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | | | | | |
| ၄ | တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ဆောင်ခြင်း | | | | | |
| ၅ | သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | | | | | |
| ၆ | ကျေးရွာတွင်းလျှပ်စစ်မီးလိုင်းများတိုးချဲ့ခြင်း | | | | | |
| ၇ | ဝင်ငွေရလုပ်ငန်းအခွင့်အလမ်းများအားလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | | | | | |
| ၈ | ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ခြင်း | | | | | |
| ၉ | ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် | | | | | |
| ၁၀ | လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ | | | | | |

### (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ရွာသာကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ်

ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊

- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၃ | ၁ | ၄ | ၀.၈ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၄ | ၁၉ | ၃၃ | ၆ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၃၀ | ၂၅ | ၅၅ | ၁၀ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၅ | ၂၁ | ၄၆ | ၉ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၇၀ | ၂၀၃ | ၃၇၃ | ၇၃ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၂ | ၄ | ၆ | ၁.၂ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၂၄၄** | **၂၇၃** | **၅၁၇** | **၁၀၀** | |
| **အိမ်ထောင်စုပေါင်း (၁၃၆)** | | | **တစ်အိမ်ထောင်စု ပျှမ်းမျှလူဦးရေ (၃.၈၀)ဦး** | | |

**ရည်ညွှန်း**- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

### (၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | အဓိကအလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | *စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၃ | ၁၆.၉ | ၀ | လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ဆောင်သည့်အိမ်ထောင်စုများဖြစ်ကြသည်။ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၃ | ၂.၂၀ | ၀ | စိုက်ပျိုးရေး ဝန်ထမ်း -၃ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၁ | ၁၅.၄ | ၈၀ | ငုံး၊ ကြက်တို့ကို တပိုင်တနိုင်မွေးမြူကြသည်။ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ဝ | ၇.၃၅ | ဝ | ပန်းရံ၊ လက်သမားအဓိက လုပ်ကိုင်သည့် အိမ်ထောင်စု |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၄ | ၂.၉၄ | ဝ | ဆောက်လုပ်ရေးဝန်ထမ်း - ၄ |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၂.၉၄ | ဝ | ဆိုင်ကယ်ပြင်၊ဒီဇယ်စက်ပြင် |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ဝ | ဝ | ဆံသဆိုင် - ၁ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | |
| | မိသားစုဝင် လုပ်အား | ဝ | ဝ | ဝ | |
| ၁ဝ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၂.၂ဝ | ဝ | ကုန်စုံဆိုင်၊အိမ်ဆိုင်၊စက်သုံးဆီရောင်းဝယ်ရေး |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၇၄ | ၀ | လက်ဖက်ရည်ဆိုင် - ၁ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၂ | ၁.၄၇ | ၀ | အထွေထွေအုပ်ချုပ်ရေး -၂ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၅ | ၃.၆၈ | ၀ | ပညာရေးဝန်ထမ်း - ၅ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၃ | ၂.၂၀ | ၀ | ကျန်းမာရေးဝန်ထမ်း - ၃ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၅၆ | ၄၁.၁၇ | ၀ | ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်း၊အနီးအနားရှိစက်ရုံအလုပ်ရုံများတွင်လုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၃၆** | **၁၀၀** | **၈၀** | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၃၂ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | ၂၀ | ကောင်း | မရ | |
| **စုစုပေါင်း** | **၂၅၃** | | | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ( ၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်။** ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင်လယ်ဧက (၂၃၂) ဧကရှိပြီး မိုးရေကိုသာအဓိကထားပြီး နွေစပါးစိုက်ပျိုးသည်။ လွန်ခဲ့သော (၈) နှစ်ခန့်က နွေစပါးကိုတဘူးလှဆည်ရေနှင့် စိုက်ခဲ့ဖူးသည်။ စိုက်ချိန်သာရေပေးပြီး အောင်ချိန်ထိရေမရသဖြင့် လယ်သမားများနွေစပါးမစိုက်တော့ပါ။ ဆောင်းသီးနှံတိုင်ထောင်ပဲ၊ သခွား၊ ဖရဲ၊ ပန်းဂေါ်ဖီးစသည်တို့သာ စိုက်ပျိုးပါသည်။ ဥယျာဉ်ခြံမြေ (၂၀) ဧကရှိပြီး

မာလကာ၊ ကျွဲကော၊ သရက်၊ သပြေပြန်း၊ ရွှေပန်း စသည်တို့စိုက်ပျိုးပါသည်။ အိမ်ခြံဝန်းတွင် သံပရာ၊ ရှောက်၊ သပြေ၊ စပယ်၊ ဖွန်၊ နှင်းဆီပန်းစသည်တို့ စိုက်ပျိုးပါသည်။ ထွက်ရှိသောသီးနှံများကို ရန်ကုန်၊ တိုက်ကြီးမြို့ များသို့ တင်ရောင်းပါသည်။

## (၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓါတ်သတ္တု (ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | များ | လွယ် ( လှည်းကူး၊ ထောက်ကြံ့မှရနိုင်) |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | နွားစာပေါများသည်။ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကရင်ဝက် ၊မြန်မာဝက်၊ စီပီဂက်များမွေးမြူပြီး ထောက်ကြံ့ခြံများ၊ စနေနွားပွဲဈေးမှ သားပေါက်အလွယ်တကူရရှိနိုင်သည်။ စပါးစိုက်ပျိုးသောဒေသဖြစ်၍ နွားစာပေါများသည်။ သစ်တောနှင့်ဝေးပြီး ဆေးဘက်ဂင်အပင်များ မရရှိ၊ သုံးစွဲသည့်အလေ့အထ မရှိပါ။

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၆)ဧကအထက် | (၆ - ၁၅) ဧက | ၆ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုး၊ပျဉ်ထောင် | သွပ်မိုး၊ပျဉ်ထောင် | ထရံကာ၊သွပ်မိုး | သက်ကယ်မိုး၊အချို့သွပ်မိုး၊မြေစိုက်အိမ် |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက်ဆန်စက်၊ နွားလှည်း | နွား၊ ရေစုပ်စက် | မရှိ | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော | ထော်လာဂျီ၊ဖောကား၊ဆိုင်ကယ်၊ | လျှပ်စစ်မီးရှိ၊ဆိုင်ကယ်၊တီဗွီ၊ရေခဲ | အချို့လျှပ်စစ်မီးရှိ၊ဆိုင် | ဆိုင်ကယ်၊အချို့စက်ဘီးရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ပိုင်ဆိုင်မှု | တီဗွီ၊ရေခဲ သေတ္တာ၊လျှပ်စစ် မီးရှိ၊အခြားသူကို ငွေချေးပေးနိုင် | သေတ္တာ | ကယ်၊စက်ဘီး | |
| အဓိကစီးပွား ရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ | စိုက်ပျိုးရေး၊ စီးပွားဖြစ်မွေး မြူရေး၊ကားလုပ် ငန်းအချို့ | စိုက်ပျိုးရေး၊ စီးပွားဖြစ်မွေးမြူ ရေး | စိုက်ပျိုးရေးအ နည်းငယ်၊တ နိုင်မွေးမြူရေး ကျပန်း | တနေ့လုပ်တနေ့စား၊ ဝင်ငွေရမသေချာ၊ လုပ်ခရမှဝမ်းစာရ |
| **အိမ်ထောင်စုပေါင်း (၁၉၀) စု** | ၁၃ (၆.၈%) | ၄၇ (၂၄.၇%) | ၁၁၃ (၅၉.၅%) | ၁၇ (၉.၀%) |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်း အချက်အလက်များ( ၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

## (၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား (၆) ဝမ်းစာဖူလုံမှု

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈၆ | ၆၃.၂% | စပါးရိတ်သိမ်းပြီးချိန်ထွန်ယက်လုပ်အား ခစပါးရသောကြောင့်တစ်လစာခန့်ဝမ်းစာ အဆင်ပြေပြီးကျန်အချိန်များတွင်နေ့စား ကျပန်းလုပ်အားခဖြင့်သာဝမ်းစာဖြေရှင်း သည်။အချို့နေ့စားလုပ်သားများတနေ့စာ တနေ့ဝယ်စား၊အလုပ်မရှိသောနေ့များ တွင်ငွေတိုးယူခြင်း၊ရွာတွင်းအိမ်ဆိုင်မှ ဆန်အကြွေးယူခြင်း၊ငုံးမွေးမြူရေးခြံများ မှလုပ်အားခကြိုယူခြင်းစသည်ဖြင့်ဝမ်းစာ ဖြေရှင်းကြသည်။ |
| ၃လနှင့်၅ လအထိ | ၃၅ | ၂၅.၈% | လယ်ပိုင်ဧကအနည်းငယ်ရှိသူများစပါး ပေါ်ချိန်အနည်းထားနိုင်ပြီးနောက်ပိုင်း ဝယ်စားပါသည်။စပါးကြိုတင်ရောင်းချ ခြင်း၊စိုက်ပျိုးစရိတ်ချေးငွေရရှိပါကအချို့ စားစရိတ်နှင့်အချို့သွင်းအားစုထည့်သွင်း |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| | | | ခြင်းဖြင့်ဖြေရှင်းသည်။ |
| ၆လမှ ၁၂ လအထိ | ၁၅ | ၁၁.၀% | လယ် (၈) ဧက ပိုင်သော တောင်သူများ၊ မိမိလယ် ထွက် စပါးကို နှစ်ပေါက်စားနိုင်၊ ငုံးခြံပိုင်ရှင်များ ဝမ်းစာဖူလုံကြသည်။ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင်းဝမ်းစာဖူလုံမှု စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု (ဂ) အဆင့်မှ ၁၀%၊ (ဃ) အဆင့်မှ ၁၀% ကိုတွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူပါသည်။ ကျေးရွာတွင် လယ် (၁၀) ဧက နှင့် (၅) ဧကကြား ပိုင်ဆိုင်သူအနည်းစုသာ မိမိလယ်မှထွက်သောစပါးကို တနှစ်လုံးသိမ်းပြီး ဝမ်းစာစပါးထားနိုင်ကာ ကျန်လယ်သမားအချို့နှင့် မြေယာမဲ့များမှာ ရက်အနည်းငယ်သာထားနိုင်ပြီး နောက်ပိုင်းတနေ့လုပ်အားခ တစ်နေ့စားခြင်းဖြင့်သာ မိသားစုစားဝတ်နေရေး ဖြေရှင်းကြရပါသည်။

## (၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၂ | ၂ | ၄ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၇ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၂ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ | ၀ | | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရှိသောသတင်းအချက်အလက်များ(၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ကျရောက်နိုင်ခြေအဆင့် | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | စပါးထွက်၊ကားလမ်းမကြီးဘေးမှာရှိ၊ရန်ကုန်မြို့နှင့် လက်လှမ်းမီ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ကျရောက် နိုင်ခြေအဆင့် | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ...) | မြင့် | စိုက်ပျိုးမြေ၊ ရေရရှိ |
| ၃ | ရေကြီးခြင်း | လတ် | မိုးကြီးလျှင်လယ်ကွင်းများသာရေလျှံသည်။ ကျေးရွာတွင်း ရွံ့ဗွက်ထူသည်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | ပျှမ်းမျှမိုးရေချိန်(၈၀) လက်မခန့်ရရှိသောဒေသ |
| ၅ | မုန်တိုင်း | နိမ့် | နာဂစ်တွင် အနည်းငယ်သာ အဖျားခတ်သည်။ ပျက်စီးမှုမများပါ။ |
| ၆ | ငလျင် | နိမ့် | ကြီးမားစွာ မဖြစ်ဖူးပါ။ |
| ၇ | မီးဘေး | နိမ့် | လျှပ်စစ်မီးသွယ်တန်းသုံးစွဲ ခြင်းကြောင့် |
| ၈ | ဆားငံရေဝင်မြေ | – | |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | ခြင်ထောင်သုံးစွဲ အိပ်စက် |
| ၁၂ | တီဘီရောဂါ | လတ် | အစိုးရကျန်းမာရေးဆေးဝါးဖြန့်ဖြူး၊သံသယရှိသူကိုစစ်ဆေးပေး |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | HIV ကူးစက်ခံရခြင်း လုံးဝမရှိခဲ့ဖူးပါ။ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | တစ်ခါကြုံဖူးသည်။မော်လမြိုင်တွင်ဖမ်းမိသည်။ ကျေးရွာသားအချင်းချင်းဖြစ်ပွား |
| ၁၆ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | | ရန်ကုန်-ပြည်ကားလမ်းဘေးတွင်ရှိ |
| ၁၇ | အခြား | – | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**(၁.၅.၄)    ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု**

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အရက်အလွယ်တကူ ဝယ်ယူနိုင်ခြင်း၊ အရက်ဆိုင် ပေါများခြင်း။ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | ဝင်ငွေအခွင့်အလမ်းနည်းပြီး စားဝတ်နေရေးခက်ခဲနိုင်သည်။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသား တောင်သူ | မြင့် | အလုပ်ရှားပြီး၊အခက်အခဲဖြစ်နိုင်သည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | သဘာဝ ဘေးဆိုးရွားစွာ ကျရောက်မှု မကြုံသေးပါ။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မြစ်ကမ်းနားနှင့် မနီး |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | မြင့် | ကားလမ်းဘေးကျေးရွာဖြစ်ပြီးယာဉ်တိုက်မှုဖြစ်နိုင်၊လယ်ကွင်းများမှမြွေကိုက်နိုင်၊ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | လတ် | မိုးကြီးလျှင် အိမ်ထဲရေဝင်နိုင်သည်။ |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျဘမ်း | လတ် | မိုးဆက်တိုက်ရွာသွန်းလျှင်နေ့စဉ်ဝင်ငွေမရှိ၊စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း နှင့် ကြုံတွေ့ရနိုင် |
| ၁၁ | လူနည်းစု လူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်း ပဋိပက္ခ ဧရိယာ | မရှိ | |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | နယ်စပ်ဒေသဝေး |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | ရွှေတွင်း လုပ်သားမရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ | |
| ၁၆ | ကူးစက်ရောဂါ ရနိုင်ခြေရှိသောသူများ | မရှိ | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူ များ | လတ် | ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည် အရောင်းအဝယ် ပြုခြင်းသာရှိ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | ရွှေ့ပြောင်းလုပ်သားများ (၅) ဦးသာရှိ |
| ၁၉ | ကားသမား | နိမ့် | နေ့စဉ်မောင်းအိမ်ပြန်၊ရက်ရှည်ခရီးကားမောင်းခြင်းမဟုတ်သောကြောင့် |
| ၂၀ | အခြား | | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | သာရေးနာရေးအဖွဲ့ | ၃ | ၃၀ | ၃၀ | ၆၀ | လူမှုရေးကိစ္စများ | ၄ | ၆ |
| ၂ | ဂေါပကအဖွဲ့ | ၃ | ၂၄ | | ၂၄ | ဘာသာရေး | ၄ | ၇ |
| ၃ | နာရေးကူညီမှုအသင်း | ၂ | ၃၀ | ၃၀ | ၆၀ | နာရေးကူညီ | ၅ | ၆ |
| ၄ | ကြက်ခြေနီ | ၂ | ၂၀ | | ၂၀ | အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု | ၅ | ၇ |
| ၅ | အမျိုးသမီးဝတ်အသင်း | ၃ | | ၁၅ | ၁၅ | ဘာသာရေး | ၄ | ၇ |
| ၆ | ကျေးရွာလျှပ်စစ်မီးကော်မတီ | | ၇ | | ၇ | ကျေးရွာလျှပ်စစ်မီးထိန်းသိမ်း | ၄ | ၇ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကျေးရွာနာရေးကူညီမှုအဖွဲ့ကို ၂၀၁၂ ခုနှစ်လောက်က စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်ကြေး (၅,၀၀၀) သတ်မှတ်ထားပြီး လစဉ်ကြေးကိုတစ်ဦး (၁,၀၀၀) ကျပ်ကောက်ခံခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က (၁၅) ဦးလောက်နှင့် စတင်ဖွဲ့ခဲ့သည်။ လက်ရှိအဖွဲ့ဝင် (၄၀) ဦးလောက်ရှိပြီး ရံပုံငွေ (၇၀၀,၀၀၀) ကျပ် ကျော်ရရှိခဲ့ပြီး လိုအပ်သော နိဗ္ဗာန်ယာဉ်၊ အမိုးအကာစသည်တို့ကို ဝယ်ထားသည်။ လက်ကျန်ငွေ (၁၀၀,၀၀၀) ကျပ်ကျော်ရှိသည်။ အဖွဲ့ငွေကြေးစီမံခန့်ခွဲမှု ကောင်းပါသည်။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| - | - | - | - |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

## (၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

## (၂.၂.၁) စိုက်ပျိုးရေးသီးနှံ

## (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၃ | ၈၃.၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟတ် တာထိ) | ၁ | ၁.၀% | ဆင်းရဲသား တောင်သူ |
| ၃ | ၂.၅ ဧက မှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၄ | ၃.၀% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာ ထိ) | ၁၅ | ၁၁.၀% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟတ်တာ နှင့် အထက်) | ၃ | ၂.၀% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၃၆** | **၁၀၀ %** | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကျေးရွာရှိတောင်သူကြီးတစ်ဦး ပိုင်ဆိုင်ဧကမှာ (၂၀) ဧကအထိ အများဆုံးပိုင်ဆိုင်ကြပြီး တောင်သူ (၂၃) ဦးသာရှိ၍ မြေယာမဲ့လက်လုပ်လက်စား များပါသည်။ စပါးကိုမိုးရေဖြင့် အဓိကထားစိုက်ပျိုးပြီး ဆည်မြောင်းရေမရရှိပါ။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | အဝီစိတွင်း | ပုဂ္ဂလိက | ၄၀ | တနှစ်ပတ်လုံး |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| မိုးစပါး | ၂၃၂ | တင်း | ၃၀ | ၅၀ | ၄၀ | ဝါဆို၊ ဝါခေါင် | မြင့် | နိမ့် | |
| ဥယျာဉ်ခြံ | ၂၀ | | | | | | လတ် | မြင့် | နှစ်ရှည်သီးနှံ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** စပါးစိုက်ပျိုးသော မြေများမှာသဲဆန်ပြီး အထွက်နှုံးမကောင်းပါ။ ဥယျာဉ်ခြံများတွင် မာလကာ၊ သရက်၊ ကျွဲကော၊ ပန်းစိုက်ခင်းများ စိုက်ပျိုးပြီး ရန်ကုန်တင်ရောင်း၊ သွင်းအားစုစရိတ်ကုန်ကျမှုနည်းပြီး အမြတ်အစွန်း ကျန်သည်။ သို့သော် လူတိုင်းမစိုက်ပျိုးနိုင်ပါ။ ကျေးရွာပိုင် လယ်ဧက (၁၀၀) ကျော်ကို လုပ်ငန်းရှင်များထံ ဈေးကောင်းပေး၍ ရောင်းစားလိုက်သောကြောင့် ကျေးရွာပိုင် စိုက်ဧက (၂၃၂) ဧကသာ ရှိနေခြင်းဖြစ်သည်။ ဝယ်ယူသူများသည် ၎င်းမြေများတွင်နို့စားနွားမများမွေးမြူခြင်း၊ ခြံစိုက်ပျိုးခြင်း၊ အချို့မြေလပ်များ ထားရှိကြသည်။

### (၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| လက်တွန်းထွန်စက် | ၄ | - | ကိုယ်ပိုင်သုံး အတွက် ဖြစ်သည်။ |
| ခြွေလှေ့စက် | ၁ | - | စပါးတစ်တင်း(၂၀၀)ကျပ်နှုန်းဖြင့်အငှားလိုက်သည်။ |
| ရေစုပ်စက် | ၃၀ | - | ပျိုးထောင်ရေ၊ဆောင်းသီးနှံအတွက်သုံးသည်။ |
| မြက်ရိတ်စက် | ၃ | - | ကိုယ်ပိုင်သုံးအတွက် ဖြစ်သည်။ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ရေစုပ်စက်ဖြင့် မိုးနောက်ကျလျှင် ပျိုးထောင်ရေတင်သည်။ လယ်ကွင်းထဲတွင် ရေတွင်း တူးပြီးစုပ်တင်သည်။ ပေ (၇၀) ခန့်တွင် ပိုက်ရိုက်ပြီး စုပ်တင်ကြသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| စဉ် | အခွင့်အလမ်းများ | ရှိ/ မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|---|
| ၁ | မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | ရှိ | မိုးစပါး၊ ဆောင်းသီးနှံ၊ အိမ်ခြံဝင်း စိုက်ပျိုးနိုင်သည်။ |
| ၂ | ရေအရင်းအမြစ် | ရှိ | မြေအောက်ရေ အချိန်ပြည့်ရရှိသည်။ |
| ၃ | သဘာဝမြေဆွေး၊ ဩဂဲနစ် | မရှိ | ဓာတ်မြေဩဇာ၊ဓာတုဆေးဝါးအလွယ်တကူဝယ်သုံးနိုင်သည်။ |
| ၄ | ဩဂဲနစ်ပိုးသတ်ဆေး | မရှိ | ပိုးသတ်ဆေးအလွယ်တကူဝယ်သုံးနိုင် သည်။ |
| ၅ | ဈေးငွေရရှိမှု | ရှိ | စိုက်ပျိုးရေး ချေးငွေရရှိသည်။ |
| ၆ | သွင်းအားစုဈေးကွက် | ရှိ | တိုက်ကြီး၊ထောက်ကြန့်တွင်အလွယ်တကူရနိုင်သည်။ |
| ၇ | ဝန်ဆောင်မှုဈေးကွက် | ရှိ | တိုက်ကြီး၊ထောက်ကြန့်ကုမ္ပဏီများမှလာသည်။ |
| ၈ | ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | ရန်ကုန်၊ တိုက်ကြီး တိုက်ရိုက်တင်နိုင်သည်။ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** တောင်သူများသဘာဂမြေဆွေး၊ မြေဩဇာ၊ ဩဂဲနစ်ပိုးသတ်ဆေးများ သုံးရန် အသိပညာပေးသော်လည်း အလေ့အထမရှိ၊ နွားချေးမလုံလောက်၊ တမာကဲ့သို့ သဘာဂပိုးသတ်ဆေး ရရန်ခက်ခဲပါသည်။ နွေရာသီစပါး မစိုက်ပျိုးနိုင်သောမြေများကို ဆောင်းသီးနှံဟင်းသီးဟင်းရွက် စိုက်ပျိုးနိုင်သည်။ အခြားသီးနှံစိုက်ပျိုး၍မရပါ။ ကျေးရွာသို့စပါးသီးနှံပွဲစားလာသော်လည်း ဈေးနှိမ်ဂယ်သည်။ သိုလှောင်ပြီး ရောင်းနိုင်မှသာလျှင် ဈေးကောင်းရရှိပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | နောက်ထပ်ဧက တိုးချဲ့နိုင်သောမြေမရှိ။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု | ရှိ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှစပါးအတွက်ချေးငွေရရှိသော်လည်းယခုစပါးစိုက်ပျိုးပြီးချိန်ထိမရရှိသေးပါ။အချိန်နောက်ကျချေးငွေကာလတိုသည်။ |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| သွင်းအားစုတတ်နိုင်မှု | ရှိ | စပါးအထွက်နည်း၊ဈေးမကောင်း၊အမြတ်နည်းပြီး သွင်းအားစု ဈေးနှုန်းမြင့်သည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | ကောက်စိုက်သူမ၊ပျိုးနှုတ်လုပ်သားရှားပါးသောကြောင့်စိုက်ချိန်နောက်ကျခြင်း၊လုပ်အားခပိုရသော မြို့တက်အလုပ်လုပ်သည်။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | ဆည်မြောင်းရေမရရှိ၊ |
| မိုးရေမလုံလောက်မှု | ရှိ | အချို့နှစ်မိုးခေါင်၊ မိုးရေ မလုံလောက်ပါ။ |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | ရှိ | ယခင်နှစ်ချေးငွေကိုအုပ်စုလိုက်ငွေဆပ်ပြီးကြေမှသာအစိုးရဘဏ်မှထုတ်ပေးသောမှုကြောင့်ချေးငွေရရှိမှုနောက်ကျပြီးသွင်းအားစုများအချိန်မှီမထည့်ရ |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | စပါးနီမတုတ်ရောဂါ၊ ပင်စည်ပုတ်ရောဂါ၊တော်သလင်းလတွင်ကျလေ့ရှိပြီးဆိုးဝါးစွာကျပါကအထွက်လျော့။ဆောင်းသီးနှံတွင်လည်းကျရောက်သည်။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | သက်ဆိုင်ရာအစိုးရဌာနမှ လုံလောက်သောပံ့ပိုးမှု မရရှိ ခြင်း။ |
| ဈေးကွက်လက်လှမ်းမီမှု | ရှိ | သီးနှံဈေးကွက် အတက်အကျရှိခြင်း။ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | ရှိ | စပါးဈေးနှင့်ပါတ်သက်ပြီးတောင်သူများအားအရှုံးမရှိစေရန်ဈေးကွက်ကာကွယ်ပေးသောမူဝါဒမရှိ၍တခါတရံစပါးဈေးကျပါကတောင်သူများအရှုံးပေါ်၊ဈေးကွက်အာမခံမရှိ။ |
| အခြား(၁) | | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်သော မြေမရှိပါ။ မိုးရေလုံလောက်အောင် ရရှိသော်လည်း သဲမြေဆန်သောကြောင့် စပါးအထွက်နည်းသည်။ ယခုနှစ်ကဲ့သို့ မိုးများလျှင်လည်း စပါးခင်းများ ရေနစ်ပြီးမကောင်းပါ။ စပါးကိုမိရိုးဖလာအရ စိုက်ကြသော်လည်း လယ်သမားများ အရှုံးနှင့် ရင်ဆိုင်ရခြင်းသာ များပါသည်။

## (၂.၂.၂) မွေးမြူရေး လုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၂ | ၃၀ ကောင် (ခိုင်းနွားနှင့် နို့စားနွားမမွေးသူ (၂) ဦး ရှိသည်။) |
| မြင်း | | |
| ကျွဲ | ၅ | ခိုင်းကျွဲ (၁၂) ကောင်ရှိသည်။ |
| ဝက် | ၃၀ | (၁၅၀)ကောင်၊စီးပွားဖြစ်သူ(၅)ဦး၊တနိုင်မွေးသူ (၂၅) ဦး၊ |
| ကြက် | ၄၅ | (၂၅၀) ကောင်၊ စီးပွားဖြစ်ကြက်ခြံ (၁) ဦး၊ တနိုင်အိမ်စား |
| ဘဲ | ၁၀ | အိမ်စားအတွက် မွေးမြူသည်။ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | သီးသန့် စားကျက်မြေ မရှိပါ။ |
| ရေရရှိမှု | မြေအောက်ရေရရှိသည်။ ကောင်း |
| တိရစ္ဆာန်မျိုး | ကြက်ဝက်ဒေသမျိုးများရနိုင်၊ ငုံးသားပေါက်ကို ထောက်ကြန့်ခြံမှ ရသည်။ |
| ချေးငွေ | မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်ချေးငွေမရှိ။ |
| သွင်းအားစုဈေးကွက် | အစာ၊ တိရစ္ဆာန် ကာကွယ်ဆေး၊ အားဆေးများ ရနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | တိရစ္ဆာန်ကာကွယ်ဆေးထိုးပေးသူများရှိ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကျေးရွာသို့ လာဝယ်သည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | တနိုင်မွေးမြူရေးအတွက် မြေနေရာရှိသည်။ |
| အခြား(၁) | စီပီဝက်မျိုးမွေးမြူပြီး အမြတ်အစွန်းများ၊ ထုတ်ကုန်ဈေးကွက်ရှိသည်။ |
| အခြား(၂) | စီးပွားဖြစ်ငုံးမွေးမြူနိုင်သည်။ အမြတ်များသည်။ ငုံးမွေးမြူရေးခုံ အဖြစ်ပြုလုပ်နိုင်သည်။ ဈေးကွက်ရှိသည်။ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** ကျေးရွာသည် ဝက်၊ ကြက်နှင့် ငုံးကို စီးပွားဖြစ်မွေးမြူရေးလုပ်သော ကျေးရွာဖြစ်သည်။ အိမ်ထောင်စုအားလုံးသည် စိုက်ပျိုးရေးနှင့်အတူ တနိုင်မွေးမြူခြင်း၊ စီးပွားဖြစ်မွေးမြူရေးပြုလုပ် ကြသည်။ လက်လုပ်လက်စား အများစုသည်လည်း တနိုင်မွေးမြူရေးလုပ်ကြသည်။

စီးပွားဖြစ် ငုံးမွေးမြူသူ (၁၃) ဦးရှိပြီး ငုံးမွေးမြူခြင်းသည် တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်သည်။ တစ်ဦးလျှင် ငုံးခြံ (၁) ခြံ မှ (၃) ခြံထိ မွေးမြူကြသည်။ ငုံးခြံတစ်ခြံလျှင် အကောင် (၈,၀၀၀) မှ (၁၅,၀၀၀) အထိမွေးမြူကြသည်။ စက်နှင့်ဖောက်သော မွေးမြူရေးငုံးသားပေါက်တစ်ကောင်ကို (၈၀) ကျပ်နှုန်းဖြင့် ထောက်ကြံ့ ငုံးမွေးမြူရေးခြံမှဝယ်ရသည်။

ငုံးအကောင် (၁၅,၀၀၀) မွေးလျှင် အထီး၊ အမ တစ်ဝက်စီခန့် ရရှိသည်။ ငုံးထီးကို အနည်းငယ်လျှော့ထားနိုင်သည်။ ငုံးပေါက်များကို (၂၁) ရက် မီးဝိုင်းပေးရသည်။ ငုံးထီးများကို မီးဝိုင်းပြီးလျှင် တစ်လပြည့်လျှင် တစ်ကောင် (၈၀) ကျပ်နှင့် ပြန်ရောင်းရသည်။ ဥစားငုံးများ ရက် (၅၀) ရှိလျှင်ဥစပြီးစမ်းသည်။ ရက် (၆၀) မှာ ဥစုံပြီး နေ့စဉ် ဥသည်။ ငုံးအကောင် (၁၅,၀၀၀) မွေးလျှင် တစ်နေ့ဥ (၆,၀၀၀) ကျော် အထိရသည်။ ငုံးဥတစ်လုံး (၂၀) ကျပ် × ၆,၀၀၀ = ၁၂၀,၀၀၀ ကျပ် နေ့စဉ် ဝင်ငွေရသည်။ (၇) ရက် တစ်ပတ် (၈၄၀,၀၀၀) ကျပ် ဝင်ငွေရသည်။ (၁၀) လကြာအထိရသည်။ အစာဖိုး၊ ဆေးဖိုး၊ အလုပ်သမားခ အသုံးစရိတ်များနုတ်လိုက်လျှင် ပျမ်းမျှတစ်လ (၇၀၀,၀၀၀) ကျပ် အမြတ်ကျန်သည်။ ငုံးခြံတစ်ခြံ သက်တမ်းတစ်နှစ်မွေးသည်။ ငုံးခြံထုတ်လျှင် ဥတုံးငုံးများကိုလည်း (၄၀၀) ကျပ်ပြန်ရောင်းရသည်။ ငုံးအကောင် (၁၅,၀၀၀) မွေးလျှင် ငုံးရောဂါမကျလျှင် ငုံးခြံတစ်သုတ် သိန်း (၅၀) ကျပ်မှ သိန်း (၈၀) ကျပ်ထိ အမြတ်ကျန်သည်။ ငုံးရောဂါကျလျှင် တစ်ခြံလုံးဆုံးရှုံးတတ်သည်။ ငုံးခြံ (၃) ခြံမွေးထားသူများသည် တစ်ပြိုင်တည်းမမွေးပဲ တစ်ခြံဝင်ငွေရမှ နောက်တစ်ခြံအတွက် ထည့်ခြင်းဖြစ်သည်။ ယခုမွေးသူအများစုသည် ကိုယ်ပိုင်အရင်းအနှီးအားလုံးမဟုတ်ပဲ အစာဆိုင်များ၊ ငုံးခြံများမှအကြွေးအရင်ပေး နောက်ငုံးဥဖြင့်ဆပ်ယူရသည်။ အရင်းအနှီးများခြင်းနှင့် ခြံနေရာမရှိသောကြောင့် လူတိုင်းမမွေးနိုင်ပါ။

## (၂.၂.၂.၃) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေ လက်လှမ်းမီမှု | မွေးမြူရေးလုပ်ငန်းအတွက်သီးသန့်ချေးငွေမရနိုင်ခြင်း။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | မကြာခဏရောဂါဆိုးရွားစွာကျရောက်တတ်ခြင်း၊ ကြိုတင်ကာကွယ်မှုအားနည်းခြင်း။ |
| သွင်းအားစု ဈေးကွက် | ကာကွယ်ဆေး၊အားဆေးမျိုးစုံစသည်တို့အချိန်တိုင်းမရနိုင်ခြင်း။ |
| ဝန်ဆောင်မှု ဈေးကွက် | တိရစ္ဆာန်ကာကွယ်ဆေးထိုးပေးသူများရှိသော်လည်းကျွမ်းကျင်သူများမဟုတ်။ |
| ထုတ်ကုန်ရောင်းဝယ်မှု ဈေးကွက် | ပွဲစားထံအလွယ်တကူ ရောင်းချနိုင်ခြင်း။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | မွေးကုဦးစီးဌာနမှပညာပေးဆောင်ရွက်မှုအားနည်းသည်။ |

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီမှု | လိုင်စင်လက်လှမ်းမီ |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁၀ | ၃၀ | | လတ် (လက်သမား၊ ပန်းရံ - ၁၀၊ နောက်လိုက် - ၃၀) |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | ၄ | | | လတ်(ဆိုင်ကယ်ပြင်၊ ဒီဇယ်စက်ပြင် - ၄) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေး သူ) | ၁ | | | နိမ့် (ဆံသဆိုင် - ၁) |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၃ | | | လတ်(ကုန်စုံဆိုင်၊အိမ်ဆိုင်၊စက်သုံးဆီရောင်းဝယ်ရေး) |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | ၁ | | | လတ် (လက်ဖက်ရည်ဆိုင် - ၁) |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | ၂ | | လတ်(အထွေထွေအုပ်ချုပ်ရေး -၂) |
| ၁၃ | ပညာရေး | | ၅ | | လတ်(ကျောင်းဆရာမ-၅) |
| ၁၄ | ကျန်းမာရေး | | ၃ | | လတ်(ကျန်းမာရေးဝန်ထမ်း - ၃) |
